# အကောင်းဆုံး File Recovery Tool ၁၂ ခု





File တွေ မှားဖျက်မိတာကတော့ အားလုံးကြုံဖူးကြမှာပါ။ ပြန်မရနိုင်တော့တဲ့ ဓာတ်ပုံတွေလိုမျိုးဆိုရင်တော့ ဝမ်းနည်းစရာကောင်းလှပါတယ်။ ကိုယ့် hard disk ထဲမှာသိမ်းဖို့ နေရာအများကြီးဖြစ်နေတာကြောင့် ဘယ်မှာသိမ်းမိလဲမသိတာမျိုး ဖြစ်တတ်ပါတယ်။ ဒါကြောင့်လည်း မှားဖျက်တာတွေ ဖြစ်လာရတာပါ။ ရုပ်ရှင်တွေ၊ ဓာတ်ပုံတွေသိမ်းထားဖို့ဆိုရင်တော့ ဘယ်လိုပစ္စည်းတွေသုံးသင့်သလဲဆိုတာ (http:techpp.com/2011/10/11/how-to-save-photos/) မှာ အကြံပြုထားတာ ရှိပါတယ်။ တကယ်လို့များ မှားဖျက်ခဲ့တယ်ဆိုရင်လည်း ပြန်ယူနိုင်တဲ့နည်းလမ်းတွေ ရှိနေပါပြီ။ »

မှားဖျက်လိုက်မိတဲ့အခါမှာ မပူပါနဲ့။ စိတ်ကိုအေးအေးထားပါ။ File တွေဟာ hard drive အပေါ်ကနေ ပျောက်ကွယ်သွားတာ မဟုတ်ပါ ဘူး။ Encryption method တစ်ခုနဲ့ သိမ်းထားမှာ ဖြစ်ပါတယ်။ Hard drive တစ်ခုလုံး လုံးဝသုံးမရအောင် ပျက်စီးသွားမှသာ သူ့အပေါ်က data တွေပျက်စီးသွားမှာ ဖြစ်ပါတယ်။ အခုနောက်ပိုင်းပေါ်တဲ့ hard drive တွေဆိုရင် တော်ရုံတန်ရုံ ပျက်စီးတာလောက်ကို ခံနိုင်ရည်ရှိနေပါတယ်။ တကယ်တော့ file တွေကို ဖျက်လိုက်ရင် shift+delete နဲ့ ဖျက်တာပဲ ဖြစ်ဖြစ်၊ Recycle Bin ထဲသို့ ပို့တာပဲဖြစ်ဖြစ် file ထားတဲ့ directory ကနေ အခြားနေရာကို ရွှေ့လိုက်မှာ ဖြစ်ပါတယ်။ ဆိုလိုချင် တာက hard drive အပေါ်မှာ ဆက်လက်ရှိနေဦးမှာပါ။

ဘယ်လိုပဲဖြစ်ဖြစ် Recover လုပ်မယ်ဆိုပါက ချက်ချင်းလုပ်သင့်တယ်။ နောက်ကြာမှဆိုရင် file တွေ ပြန်ရနိုင်နှုန်းနည်းလေ ဖြစ်ပါတယ်။ အခမဲ့ရတဲ့ software တွေထက် ငွေပေးပြီးဝယ်ရတဲ့ software တွေက ပိုအစွမ်းထက်ပါတယ်။ တစ်ခုအကြံပေးချင်တာက file တွေ recover မလုပ်ခင်မှာ defragmentation မလုပ်မိဖို့ပါပဲ။

# အကောင်းဆုံး paid recovery tool ၆ ခု

ငွေအကုန်အကျအနည်းဆုံးနဲ့ ဖြစ်နိုင်ရင် အခမဲ့သုံးနိုင်ရင် ပိုကောင်းပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ကိုယ်လုပ်ခဲ့တဲ့ အမှားအတွက် ငွေကုန်တယ်ဆိုတာ ထိုက်တန်ပါတယ်။ ဒါကြောင့် ငွေကုန်မယ့် အတူတူ တစ်ခုခုကိုဝယ်ပြီး ကိုယ့်အတွက် အသေချာဆုံးနဲ့ အမြန်ဆုံး file recover လုပ်နိုင်အောင် အကြံပြုလိုက်ပါတယ်။

## Disk Doctors

*http://www.diskdoctors.net/instant-file-recovery/software.html*

ဒေါ်လာ ၆၀ လောက်ပေးရတဲ့ ဒီ software ဟာ မှားဖျက်လိုက်မိတဲ့ file တွေကို ပြန် recover လုပ်ပေးနိုင်ရုံသာမက အောက်မှာဖော်ပြထားတဲ့ အချက်တွေကိုပါ ဆောင်ရွက်ပေးနိုင်ပါတယ်။

- Recycle Bin က empty လုပ်လိုက်မိတဲ့ file တွေကို recover ပြန်လုပ်နိုင်ခြင်း
- Hard drive format လုပ်မိပြီး Windows အသစ် install လုပ်ပြီးတာတောင် Windows အဟောင်းက file တွေကို recover ပြန်လုပ်နိုင်ခြင်း
- Document တွေ၊ ဓာတ်ပုံတွေ၊ video တွေ၊ သီချင်းတွေ၊ email တွေ စတဲ့ file type တွေ အများကြီးကို recover ပြန်လုပ်နိုင်ခြင်းတို့ ဖြစ်ပါတယ်။




## File Scavenger

*(http://www.quetek.com/prod02.htm?source= google5&gclid=CNWkqYaY76sCFcZXmAodWzhqHg)*

အမည်ပေးကောင်းတဲ့ software တစ်ခုဖြစ်ပါတယ်။ File Scavenger က သေဆုံးနေတဲ့ file တွေကို ကိုယ့်အတွက် ရှာပေး မှာ ဖြစ်ပါတယ်။ ဒီ software ကို Quetek က ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ ဒီ software ရဲ့ အားသာချက်ကတော့ hard drive တွေမှာ သာမကပဲ floppy disks ၊ ZIP disks ၊ memory sticks ၊ flash cards ၊ RAID စတဲ့ ပစ္စည်းတွေမှာပါ အသုံးပြုနိုင်မှာ ဖြစ်ပါ တယ်။ သုံးချင်တယ်ဆိုရင်တော့ အနည်းဆုံး ဒေါ်လာ ၅၀ ကျသင့်မှာ ဖြစ်ပါတယ်။




## MunSoft Data Recovery Suite

*(http://www.munsoft.com/DataRecovery Suite/)*

MunSoft program တွေမှာ ကြက်ခြေနီတံဆိပ်လေးပါဝင်ပါတယ်။




သူ့ website ကို သွားကြည့်မယ်ဆိုရင် document recovery အတွက်၊ ဓာတ်ပုံတွေအတွက် ၊ တခြား file အမျိုးအစားတွေအတွက် စသဖြင့် မတူညီတဲ့ product ၆ မျိုးလောက်ကို တွေ့ရမှာဖြစ်ပါတယ်။ Recovery suit ကို ဝယ်သုံးမယ်ဆိုရင်တော့ အထက်ပါ feature တွေအားလုံးကို တစ်ခုတည်းအနေနဲ့ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ၃၅ ဒေါ်လာလောက်တော့ ကုန်ကျမှာဖြစ်ပါတယ်။

## Recover My Files

*(http://www.recovermyfiles.com/data-recovery-software-purchase.php)*




File recovery software တွေအထဲမှာ pupular ဖြစ်တဲ့ software ဖြစ်ပြီး torrent network တွေက တစ်ဆင့် လူတွေတော်တော် များများ အသုံးပြုဖူးကြပါတယ်။ တော်တော်များများကတော့ နာရီ ပေါင်းများစွာ အချိန်ကုန်ခံပြီး registration key ရဖို့ကြိုးစားပေမယ့် နောက်ဆုံးမှာတော့ မအောင်မြင်ကြပါဘူး။ ဒေါ်လာ ၇၀ လောက်ကုန်ကျမှာဖြစ်တဲ့အတွက် ဈေးကြီးပါတယ်။ ဒါပေမဲ့ ကုန်ကျစရိတ်နဲ့ တန်အောင် ပြန်ရမှာဖြစ်ပါတယ်။ သူ့ကို Mac အပေါ်မှာလည်း အသုံးပြုနိုင်ပါတယ်။ Mac အပေါ်မှာ သုံးချင်ရင်တော့ ပိုက်ဆံထပ် ပေးရမှာ ဖြစ်ပါတယ်။ သေချာတာကတော့ Mac အတွက်သုံးမယ် ဆိုရင်တော့ ဈေးပိုကြီးတယ်ဆိုတာပါပဲ။

## Data Recovery Software

*(http://datarecoverysoftware.com/data recoverysoftware/data-recovery-professional. html)*




ဖော်ပြခဲ့တဲ့ software တွေထဲမှာ ဈေးအကြီးဆုံး software ဖြစ်ပါတယ်။ ဒေါ်လာ ၈၀ ပေးရမှာ ဖြစ်ပါတယ်။ ဘာကြောင့် ဈေးဒီလောက် များနေရတာလဲဆိုရင် file recover လုပ်တာအရမ်းမြန်ပြီး အလွန်သေးငယ်တဲ့ file တွေအထိတောင် ပြန် recover လုပ်ပေးနိုင်လို့ ဖြစ်ပါတယ်။ ဘယ် storage device မှာမဆို လုပ်ဆောင်ပေးနိုင်ပြီး ချက်ချင်းဆိုသလို လိုအပ်တာတွေလုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ အရမ်းအရေးကြီးတဲ့ password ပျောက်သွားပြီး ပြန်လိုချင်တဲ့သူတွေအတွက် သုံးဖို့အသင့်တော်ဆုံး software တစ်ခုဖြစ်တယ်လို့ အကြံပြုလိုက်ပါတယ်။

## Undelete Plus

*(http://undeleteplus.com/)*




ဒီဆောင်ပါးကိုရေးနေစဉ် website ပေါင်းများစွာတွေ့ပြီး အခမဲ့ရနိုင်တာတွေကို ကြော်ငြာထားပါတယ်။ အပြည့်အဝတော့ မမှန်ပါဘူး။ အခမဲ့ ရနိုင်တယ်လို့ ကြော်ငြာပြီး လူတွေရဲ့ စိတ်ဝင်စားမှုကို ရယူခဲ့ပါတယ်။ Download လုပ်စဉ်မှာတော့ အခမဲ့ပေးထားပါတယ်။ ပြီးတော့ recover လုပ်ချိန်ကျမှ registration key တောင်းမှာ ဖြစ်ပါတယ်။ အခမဲ့မရတော့ပါဘူး။ ငွေပေးပြီး ဝယ်ရပါတယ်။ဘာပဲဖြစ်ဖြစ် ဒီ website ကတော့ လုလုပပရှိပြီး visitor တွေကို ဆွဲဆောင်နိုင်ပါတယ်။ ဝယ်သုံးချင်ရင်တော့ ဒေါ်လာ ၅၀ လောက်ကျသင့်မှာ ဖြစ်ပါတယ်။

# အကောင်းဆုံး free recovery tool ၆ ခု

ငွေကုန်လည်း မခံချင်ဘူး။ File တွေလည်း recover ပြန်လုပ်ဖို့ လိုနေတယ်ဆိုရင်တော့ အခုဖော်ပြပေးမယ့် software တွေအသုံးပြုဖို့ အကြံပြုပါရစေ။ ကံကောင်းရင်တော့ file တွေ ပြန်ရမှာ ဖြစ်ပါတယ်။ Windows အသုံးပြုသူတွေဆိုရင်တော့ ဒီ software တွေ မသုံးခင်မှာ back up option ကို ဖွင့်ထားခဲ့ပြီး restore point တစ်ခုတော့ အနည်းဆုံး သတ်မှတ်ထားခဲ့သင့်ပါတယ်။

## PC Inspector

*(http://www.pcinspector.de/)*

ဒီ software ထုတ်လုပ်သူတွေ ဘယ်သူဖြစ်မလဲလို့ ခန့်မှန်း ကြည့်ရင် website host လုပ်ထားတဲ့ နေရာအရဆိုရင်တော့ ဂျာမနီ က ဖြစ်နိုင်ပါတယ်။ PC Inspector က အခမဲ့ပေးထားပေမယ့် ဒီ software က တစ်ဆင့် website ပေါ်ရောက်လာတဲ့သူတွေကို တခြား software ရောင်းဖို့ဆွဲဆောင်ထားတာ တွေ့ရပါတယ်။ ဘယ် လိုပဲဖြစ်ဖြစ် သူတို့ရဲ့ marketing နည်းကိုလည်း ချီးကျူးသလို software နဲ့ လူတွေကို ကူညီတာကိုလည်း အသိအမှတ်ပြုရမှာဖြစ်ပါတယ်။

## Recuva

*(http://www.piriform.com/recuva)*

Recuva ဟာ မှားဖျက်လိုက်မိတဲ့ file တွေကို recover လုပ်တဲ့နေရာမှာ popular အဖြစ်ဆုံး software လို့ သတ်မှတ်နိုင်ပါတယ်။ အရင်တုန်းကတော့ *(www.recuva.com)* ဆိုပြီး သီးသန့်ရပ်တည်ခဲ့ပေမယ့် အခုတော့ *(www.piriform.com)* ရဲ့အောက်ကိုရောက်သွားပြီး CCleaner software တို့နဲ့အတူ တစ်ဖွဲ့တည်း ဖြစ်သွားပါတယ်။ အခမဲ့ရနိုင်တဲ့ recovery software တွေမှာ အကောင်းဆုံးဖြစ်ပြီး PCWorld ကနေ "မှားဖျက်မိတဲ့ file တွေပြန်ခေါ်ဖို့ program ကို သုံးမယ်ဆိုရင်ငွေကြေးအနည်းဆုံး (လုံးဝမပေးရတဲ့) recuva က ကိုယ့်အတွက် အသင့်တော်ဆုံးဖြစ်ပါတယ်။ သူ့ရဲ့တခြားသူတွေနဲ့မတူတဲ့ interface နဲ့ efficient အဖြစ်ဆုံးအသုံးပြုနိုင်မှာပါ"လို့ comment ပေးထားတာကို တွေ့နိုင်ပါတယ်။

## EaseUs Data Recovery Wizard

*(http://www.easeus.com/datarecoverywizard/free-data-recovery-software.htm)*

Data Recovery Wizard ဟာ EaseUs brand က ထုတ်လုပ်လိုက်တဲ့ အခမဲ့ရနိုင်တဲ့ program တစ်ခု ဖြစ်ပါတယ်။ 1GB အောက်ရှိတဲ့ file တွေကို recover ပြန်လုပ်ဖို့ အခမဲ့ဖြစ်ပါတယ်။ ဒီထက် file အရွယ်အစားပိုကြီးတဲ့ file တွေကို recover ပြန်လုပ်ချင်ရင်တော့ ငွေကြေး ကုန်ကျမှုရှိမှာ ဖြစ်ပါတယ်။ File အရွယ်အစားမကြီးတဲ့ ရိုးရိုး text file လောက်ကိုပဲ recover ပြန်လုပ်မယ်ဆိုရင်တော့ ဒီ software က အသင့်တော်ဆုံးဖြစ်ပါတယ်။

## Win Data Recovery

*(http://www.files-reovery.org/win-data-recovery-free.html/free-data-recovery-software.html)*

ယခုဆောင်းပါးမှာဖော်ပြထားခဲ့တဲ့ software တော်တော်များ များလို












ပါပဲ Windows သုံးစွဲသူတွေသာ အသုံးပြုနိုင်တဲ့ software ဖြစ်တယ်။ လူသိများတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ PC Mag က စမ်းသပ် စစ်ဆေးထားတဲ့ software ဖြစ်တဲ့အတွက် ယုံယုံကြည်ကြည် အသုံးပြု နိုင်ပါတယ်။ ယင်း software ရဲ့ presentation အရ virus ကြောင့် ပျက်သွားတဲ့ file တွေကိုတောင် recover ပြန်လုပ်နိုင်တယ်လို့ ရေးထားတဲ့အတွက် ဒီ software ဟာ antivirus program တစ်ခုလို အလုပ်လုပ်ပေးနိုင်တယ်လို့ သိရပါတယ်။ အခမဲ့ရနိုင်တာကတော့ အကြီးမားဆုံးအားသာချက် ဖြစ်ပါတယ်။




## Panda Recovery

*(http://www.pandorarecovery.com/)*

Panda Recovery ကို လွန်ခဲ့တဲ့ နှစ်တော်တော်ကြာကြာကတည်းက စာရေးသူ သုံးဖူးပါတယ်။ Panda recovery ရှိနေတာကြောင့် file တွေ များဖျက်မိမှာ မစိုးရိမ်ပါဘူး။ အားသာချက်ကတော့ သွားလေရာမှာ ဒီ software ကို သယ်သွားနိုင်ပါတယ်။ ဒါပေမဲ့ mobile version အတွက်တော့ ငွေပေးဝယ်ရမှာဖြစ်ပါတယ်။ အားသာချက်ကတော့ hidden file တွေ၊ archived file တွေကိုပါ ပြန် recover လုပ်ပေးနိုင်တာဖြစ်ပါတယ်။




## File Undelete

*(http://www.officerecovery.com/freeunde-lete/)*

အခမဲ့ဖြစ်စေ၊ ငွေပေးဝယ်ရတဲ့ software ဖြစ်စေ၊ လွယ်ကူပြီး ရိုးရှင်းတဲ့ recovery software တစ်ခုဆိုရင် File Undelete ကို အသုံးပြုသင့်ပါတယ်။ အခမဲ့ရနိုင်ပြီး personal အသုံးပြုဖို့ သင့်တော်ပါတယ်။ တကယ်လို့ လူအများကြီးအတွက် အသုံးပြုမယ်ဆိုရင်တော့ ဝယ်သုံးရမှာဖြစ်ပါတယ်။ အခုထိ စမ်းသပ်မှုတွေလုပ်ထားတဲ့အထိ Windows 7 အပေါ်မှာ ရ၊ မရမသိရသေးပါဘူး။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ရွေးချယ်မှုတွေ အများကြီးလုပ်နိုင်ပါသေးတယ်။ ■

ကောင်းမြတ်ထွဋ်

Local News

# TRENDY Fashion & Sports ရဲ့ New Year & X'MAS အထူးအစီအစဉ်

TRENDY Fashion & Sports ရဲ့ နှစ်သစ်ကူးနဲ့ ခရစ္စမတ်အထူးအစီအစဉ်ကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်ကနေ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်အထိ ပြုလုပ်သွားမှာ ဖြစ်ကြောင်း သိရပါတယ်။

ထိုင်းနိုင်ငံကထုတ်လုပ်တဲ့ PAN တံဆိပ် Sport Shoes & Fashion Shoes အမျိုးမျိုး၊ KLEEN တံဆိပ် ဖိနပ်တိုက်ဆေး အမျိုးမျိုး၊ ဂျပန်နည်းပညာနဲ့ ထုတ်လုပ်ထားတဲ့ ZOJIRUSHI (ဖိုဂျစ်) တံဆိပ် ရေအေးသီးသန့်ထည့်သောက်နိုင်တဲ့ ရေဘူး၊ ရေနွေး ၊ ဒါမှမဟုတ် ရေအေး နှစ်သက်ရာထည့်သောက်နိုင်တဲ့ ရေဘူး၊ အပူချိန်ကို ၁၂ နာရီကြာ ထိန်းပေးနိုင်တဲ့ထမင်းဘူး၊ Sweet Heart တံဆိပ် Sun Control & Whitening Powder တွေ၊ သဘာဝဆေးဖက်ဝင် ပန်းပွင့်ဖြူတွေက ထုတ်ယူထားတဲ့ ပန်းဖြူဆီ၊ ယူကလစ်ဆီ၊ လာဗင်ဒါဆီနဲ့ ပရုတ်တို့ပေါင်းစပ်ပြီး ဟောင်ကောင်က ထုတ်လုပ်တဲ့ White Flower တံဆိပ်ရှူဆေး ၊ ဒါမှမဟုတ် လိမ်းဆေးတို့ကို နှစ်သစ်ကူး အထူး အစီအစဉ်အနေနဲ့ ၁၀ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းချသွားမယ်လို့ သိရပါတယ်။ TRENDY Member တွေအနေနဲ့ Promotion Discount အပြင် Member Discount ၅ ရာခိုင်နှုန်းကိုလည်း ထပ်ဆောင်းရရှိမှာ ဖြစ်ပါတယ်။

အထက်ဖော်ပြပါပစ္စည်းတွေအား လုံးကို TRENDY Fashion & Sports Show Room အမှတ် 13 F၊ ပထမထပ်၊ ရန်ကင်းစင်တာ Shopping Mall ၊ ဖုန်း ၅၄၁၉၁၆၊ ၅၄၁၂၅၆ နဲ့ premium.trendy@gmail.comမှာဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရပါတယ်။ ■